# Highlights from DVB Debate's Flooding and Elections

# August 15, 2015

## "Will the Flood influence the Elections?"

"ရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၆၀ ကျော်လောက်လိုတယ်။ ဒီအတွင်း ရေဘေးသင့်ပြည်သူ တတိုင်းပြည်လုံးရဲ့ ၂ ရာနှုန်းအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ မဲစာရင်းအခက်အခဲတွေကို လက်ရှိအစိုးရ ဖြေရှင်းနိုင်မယ်လို့ ယုံတယ်။ ရွေးကောက်ပွဲကို ရေဘေးက အဲလောက် မသက်ရောက်နိုင်ဘူး။"

ဦးဂင်းမြင့်အောင် - ပဲခူးမြို့နယ်အတွင်းရေးမှူး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

--------------

"ပါတီကြီးတွေက အဆင့်သင့်ဖြစ်နေကြပြီလေ သူတို့က ရွေးကောက်ပွဲလုပ်ချင်တယ်။ ကျနော်တို့ပါတီလေးတွေမှာက ဘတ်ဂျက်က အစ အခက်အခဲရှိနေတယ်။ နောက် လူထုက မဲတပြားတန်ဖိုးရှိပါလားဆိုတဲ့အသိထက် အသက်ရှင်ရပ်တည်ရေးကိုပဲ အာရုံရနေတယ်။ ပါတီကြီးတွေပဲဦးဆောင်သွားနေမယ်ဆို ၁၉၆၂ကနေ ၁၉၈၈ အတွင်း ဦးနေဝင်းအစိုးရကျင့်သုံးခဲ့တဲ့ တပါတီစနစ်လိုဖြစ်နေလိမ့်မယ်။ ကျနော်တို့ အခုသွားနေတာက ပါတီစုံဒီမိုကရေစီလေ"

ဦးဆန်းလင်း - မဟာမိတ်တောင်သူလယ်သမားပါတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း

---

"ရေဘေးသင့်ပြည်သူတွေ ဒုက္ခရောက်နေတာသိပါတယ်။ လူထုက ရေဘေးကြောင့် ရွေးကောက်ပွဲကို သိပ်စိတ်မဝင်စားသေးဘူး  ဒါပေမယ့် လူထုရဲ့ဒုက္ခကို ဆောင်ရွက်ပေးဖို့ အစိုးရသစ်အမြန်တက်လာနိုင်ရင် ဒီပြဿနာတွေ အမြန်ဖြေရှင်းနိုင်မှာပါ"

ဦးမြင့်ဦး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

---

"ကျနော့်အမြင်ကတော့ လွှတ်တော် ၂ ရပ်ခေါ်ဖို့အတွက် ဥပဒေပြဿနာတွေမရှိဘူးဆိုရင် လက်ရှိရေဘေးပြဿနာတွေနဲ့ဆိုရင် ရွေးကောက်ပွဲရွှေ့တာ ကောင်းတယ်"

ဦးစိန်လှိုင်ဗိုလ် - ဟံသာဝတီသတင်းဂျာနယ်

---

"ကျနော်ကတော့ ရွေးကောက်ပွဲလုပ်စေချင်တယ်။ ပြန်လည်ထူထောင်ရေးအတွက်က အစိုးရဘတ်ဂျက်နဲ့ အခု ပိုက်ဆံချပေး အခုချက်ချင်း ပြန်ထူထောင်ရေးတွေ ရက်ပိုင်းလပိုင်းနဲ့ ပြန်ရနိုင်မယ်။ အစိုးရပြောင်းမှရမယ်၊ ရွေးကောက်ပွဲလုပ်ရမယ်"

ဒေါက်တာ စိုးမြင့်သန်း - ပဲခူးအပတ်စဉ်ဂျာနယ်

---

"မဲဆန္ဒရှင်ပြည်သူအနေနဲ့ ထောက်ပြချင်တာက သဘာဝဘေးပေါ်ပေါက်ခဲ့တဲ့နေရာတွေမှာဆို ရွေးကောက်ပွဲကို ရွှေ့ဆိုင်းစေချင်တယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ပါတီတွေညှိပြီး ရေဘေးသင့်ဒေသကပြည်သူတွေရဲ့အခက်အခဲ၊ သူတို့ မဲ ဘယ်လို ပေးမလဲဆိုတာမျိုး code of conducts တခုခုလောက် လုပ်စေချင်တယ်"

ဦးတင်ဇော်ဂင်း - ညောင်လေးပင်ပရိသတ်တဦး

---

"၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် ၂၀၁၆ ဇန်နဝါရီနောက်ပိုင်းက ရွေးကောက်ပွဲကျင်းပလို့ မရတော့ဘူး။ ကျနော်ကတော့ ရွေးကောက်ပွဲကို မရွှေ့စေချင်ပါဘူး"

ဦးလေးနိုင်ဦး - ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့

---